တော့ဘူး။ ဝတ်လစ်စားလစ် အဝတ်မပါဘူး။ အိပ်ရမှန်းမသိ စားရမှန်းမသိ။ သူဌေးသမီး။ ရွှာစဉ်ကျယ် တလည်လည်နဲ့ နေတော့တာ ပေါ့။ သွက်သွက်လည် ရူးသွားတာ။

ဘယ်လိုများ ရူးတာလဲ မေးဖို့မကောင်းလား။ သားသေတော့ သားကိုစွဲတဲ့ သမုဒယ၊ လင်သေတော့ လင်စွဲတဲ့ သမုဒယ၊ မိဘသေတော့ မိဘစွဲတဲ့သမုဒယ။ သမုဒယကြောင့်ဒုက္ခလို့ မဟောဘူးလား။ သမုဒယ ဒုက္ခ။ အဲဒါနဲ့ တနေ့သ၌ မြတ်စွာ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက၊ သဗ္ဗညု ရွှေဉာဏ်တော် ဉာဏ်ကွန်ယက်ကို ဖြန့်ကြည့်လိုက်တာ။ နက်ဖြန် ဘယ်သူ့ ချွတ်ရမှာလဲ။ မယ်ပဋာကို သွားမြင်တယ်။ ရှားမီးခဲ ရဲရဲကြီးကို ပြာဖုံးတာနဲ့ တူတယ်။ သစ္စာလေးပါး တရားသာ ဟောလိုက်ရင် အကုန်လုံး အလင်းရောင် ပေါက်ပြီးတော့မှ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရမယ်။ အဲဒီနေရာကျမှ တရား မဏ္ဍပ်ကြီး ဆင်ယင် ကျင်းပတယ်။

တရားမဏ္ဍပ် ဆင်ယင်ကျင်းပတော့ ပရိသတ်တွေကပြည့်နေပြီ။လမ်းမှာ ဥပါသကာနဲ့တွေ့။ ဟေ့ အရူးမ ဟေ့ အရူးမ မယ်ပဋာ မြောက်ဘက်ကို လှည့်ကြည့်စမ်း။ မဏ္ဍပ်ကြီးမမြင်လား။ မြင်တယ်။ ဘာဖြစ်သလဲ။ မြတ်စွာဘုရား တရား ဟောမှာ။ အဲဒီမှာ တရား သဘင် ဆင်ယင်ကျင်းပမှာ။ အဲဒီဆီ တရားနာချေလို့ ဥပါသကာက မညွှန်ဘူးလား။ ဘုရားသံ၊ တရားသံကြားတော့ ဟော အမူးတွေ အရူးတွေ ပျောက်ပြီးတော့ စူးစူးစိုက်စိုက် သွားတော့တာပေ့။ တရားနာ ပရိသတ်တွေ ရောက်တဲ့ အခါ အနားက လူတွေက အဝတ်က မပါတော့ လက်မခံဘူး။ မဝင်ခဲ့နဲ့ မဝင်ခဲ့နဲ့။ နှင်ကြ တော့တာ။ နှင်တဲ့အခါ မြတ်စွာဘုရားက မော့ကြည့် လိုက်တာ။ မယ်ပဋာကို မြင်တယ်။ ချစ်သမီး မယ်ပဋာ ငါဘုရား မျက်မှောက်တော် ရောက်အောင်လာခဲ့။ အဲဒီအခါ ဘယ်သူမှ မနှင်ရဲတော့ဘူး။ ဝင်လာခဲ့ ကာ ဥပါသကာတစ်ယောက်က အမြင်မတော်လို့ သူ ခေါင်းပေါင်း ပေါင်းထားတဲ့ စောင်ကြီးကို ချွတ်ပြီးတော့ ပေးလိုက်ရတာ ပေ့။ အဲဒါ ခါးပတ်ပြီးတော့ တရား နာရတယ်၊ ကြားလား။

အဲဒီအခါ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က ဟဲ့ ချစ်သမီးမယ်ပဋာ နင်ကိုကြည့်ရတာ မျက်ရည်နဲ့ မျက်ခွက်။ ဘယ်လိုတွေ များ ဖြစ်လာခဲ့တာလဲဟ။ ဘုရားသိတာပေ့ါ။ မေးစရာရှိလို့ မေးရတာ။ အဲတော့ လင် သေတာတွေ မလျှော့ာက်ရဘူးလား။ သား သေတာတွေ မလျှော့ာက်ရဘူးလား။ မိဘ သေတာတွေ မလျှော့ာက်ရဘူးလား။ အစ်ကိုသေတာတွေ မလျှော့ာက်ရဘူးလား။ အဲဒါ မငိုပဲ နေနိုင်ဘူး။ လင်ကိုဒါသ ငါးနှစ်ကျော်ကျော် ပေါင်းသင်း ဆက်ဆံခဲ့တာ။ တုတ်နဲ့ ရိုက်ဖို့ မပြောနဲ့။ နှုတ်နဲ့တောင် နစ်နာအောင် တစ်ခါမှ မပြောဘူးတဲ့။ အဲဒီလောက်သူ့ကိုချစ်တယ်တဲ့။ တွေးမိတိုင်း မငိုပဲ မနေနိုင်ဘူးတဲ့ ကြားလား။ သားလေးတွေကလည်း နာတံပေါ်လေးတွေ။ တီတီတာတာလေး တွေ။တဲ့။ မငိုပဲ မနေနိုင်ဘူးတဲ့ ကွဲ့။ ကြားရဲ့လားဟေ့။ အစ်ကိုကြီးကလည်း သူ့ကို တကယ်

ချစ်တယ်။ အဖေ အမေကလည်း အလွန်ချစ်။ လက်ဝါးပေါ်မှာ တင်ထားတဲ့ပတ္တမြားကဲ့သို့။ မှတ်ထားတာ။ အဲဒါ မငိုပဲ မနေနိုင်ဘူးတဲ့။ နင်မသိလို့ငိုတာ သိရင်မငိုဘူး။

ဘယ်နှယ့် မသိပဲရှိမလဲ ဘုရား ကိုယ့်လင်အကြောင်း ကိုယ်သိတာပေါ့ မိဘအကြောင်းလည်း သိတာပေါ့ သား အကြောင်း လည်း သိတာပေါ့။ဘယ်မသိပဲ ရှိမလဲ။ နင်တောင်းတဲ့ဆုတွေ ပြည့်နေတာ။ နင်တောင်းတဲ့ဆု ပြည့်နေတာ။ အထက်ကျော်ကာရီကို ဘုရားကအတိတ်ဆောင် ဟောတာ။ ပဒုမုတ္တရဘုရား လက်ထက်က သူတို့အိမ်ကို ခါးပြတိုက်တာ ခါးပြ ခြောက်ယောက်။ နစ်နာအောင်လုပ်ခဲ့တာနဲ့ တူတယ်။ နိဗ္ဗာန်မရမီကြား သူ့မျက်မှောက်မှာ သေတာ မြင်ချင်တယ်။ ဆုတောင်းတာ။ အဲဒါ ဘုရားအဆူဆူ ပွင့်တာ မတွေ့သေးဘူးနော်။ ကကုသန်၊ ကောဏာဂုမ်၊ ကဿပ၊ ဂေါတမမြတ်စွာဘုရား သာသနာ ကျမှ အဲဒီဝဋ်ကြွေက သူ့ဆုတောင်းက ပြည့်တော့ မီတော့တာ ဗျ။ ကြားလား။ စဉ်းစားဖို့မကောင်းလား။

အဲဒီလိုပြန်ပြီးတော့ အတိတ်ဆောင်ကြည့်တော့ခါ လင်ကိုဒါသလား၊ ခါးပြလား ။ မိဘနစ်ပါးလား၊ ခါးပြလား။ အစ်ကိုကြီးလား၊ ခါးပြလား။ သား နစ်ယောက်လား၊ ခါးပြလား။ ခါးပြတွေကိုးကွဲ့။ စဉ်းစားဖို့ မကောင်းလား။ အခုလည်းကိုယ် ပေါင်းသင်း ဆက်ဆံခဲ့တာ ဒီလိုဗျား ညားဦးမယ်ဗျာ။ ကြားရဲ့လားဟေ့။ စဉ်းစားဦး။ ကိုယ်ဘက်ကလည်း လှည့်လှည့်ကြည့်ကျဦး။ စဉ်းစား ဦးနော်။ ကဲ ခါးပြတွေ ကွဲ့။ ခါးပြတွေ ဆိုတော့ နည်းနည်း ပါးပါး အငိုရပ် မသွားဘူးလား။ ရပ်သွားပြား သော်လည်း တွေးတဲ့ အခါ တစ်ခါ တစ်ခါ ပေါ်သေးတာကွဲ့ ။ကြားလား။

အဲဒါနဲ့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ခန္ဓာငါးပါးထဲမှာ ရူပက္ခန္ဓာ မပါဘူးလား။ ရူပက္ခန္ဓာ အသေးစိတ် ကြည့်တော့ ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်။ ပထဝီက မာတဲ့သဘော၊ ပျော့တဲ့သဘော။ အာပေါက ဖွဲ့စည်းတဲ့ သဘော၊ ယိုစီးတဲ့သဘော၊ တေဇောက ပူတဲ့သဘော အေးတဲ့သဘော၊ ဝါယောက ထောက်ကန်တဲ့သဘော လှုပ်ရှားတဲ့ သဘော။ ကိုဒါသလား ဓာတ်ကြီး လေးပါးလား။ သားနစ်ယောက်လား ဓာတ်ကြီးလေးပါးလား။ မိဘနစ်ပါး လား၊ ဓာတ်ကြီး လေးပါးလား။ အစ်ကိုကြီးလား၊ ဓာတ်ကြီးလေးပါးလား။ ဓာတ်ကြီးလေးပါး တွေ့တယ်ကွဲ့ နော်။ ဓာတ်ကြီး လေးပါးရှိရင် ဓာတ်ငယ် လေးပါး မရှိဘူးလား။ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ။ ဝဏ္ဏ၊ မျက်စိနဲ့ဆိုရင် ဝဏ္ဏ၊ အဆင်းဓာတ်။ ဂန္ဓ အနံ့ဓာတ်။ ချိုချဉ်စပ် ငန်ဖန်ခါး ရသာခြောက်ပါး ရသဓာတ်။ ခန္ဓာကိုယ် တရိပ်ရိပ်နဲ့ ကြီးထွားတာ ဩဇာဓာတ်လို့ မဟောဘူးလား။ ဓာတ်ငယ်က လေးသွယ် ဓာတ်ကြီးက လေးပါး ပေါင်းလိုက်တော့ ဓာတ်ရှစ်ပါး မရလား။

28.5.2005,(7:00pm)11

ကိုဒါသလား ဓာတ်ရုစ်ပါးလား ။ သားနှစ်ယောက်လား၊ ဓာတ်ရုစ်ပါးလား ။ မိဘနှစ်ပါးလား၊ ဓာတ်ရုစ်ပါးလား။ အစ်ကိုကြီးလား၊ ဓာတ်ရုစ်ပါးလား ။ ဓာတ်ရုစ်ပါး အချင်းချင်း ထိတဲ့အခါ အသံ မပေါ်လား။ နှစ်ခု ထိတဲ့အခါ မပေါ်ဘူးလား။ နဝကလာပ် ကိုးခုသော ရုပ်လို့ မဟောဘူးလား။ အဲဒါ ခန္ဓာဖွဲ့ ကြည့်တော့ ရူပက္ခန္ဓာ မရလား။ ကိုဒါသလား၊ ရူပက္ခန္ဓာလား။ သား နှစ်ယောက်လား ၊ ရူပက္ခန္ဓာ လား ။ အစ်ကိုကြီးလား၊ ရူပက္ခန္ဓာလား ။ မိဘနှစ်ပါးလား၊ ရူပက္ခန္ဓာလား ။

ရုပ်နှစ်ခု တိုက်တိုင်း တိုက်တိုင်း ဆိုင်ရာဝိညာဏ် မပေါ်လား ။ ဆိုင်ရာဝိညာဏ် တစ်ဝိညာဏ်တည်း ပေါ်လို့ဖြစ်ကဲ့လား ။ သူနဲ့ သဟဇာတဖြစ်တဲ့ ဝေဒနာ၊ သညာ၊ စေတနာ မပါလား ။နာမက္ခန္ဓာ လေးပါး။ အဲဒီ နာမက္ခန္ဓာလေးပါး အလိုလိုဖြစ်တာလား၊ အကြောင်း ကြောင့် အကျိုးတရား ပေါ်တာ လား ။နာမက္ခန္ဓာလေးပါး အကြောင်း ရှာကြည့်တော့ ရုပ်နှစ်ခုပေါ့။ ရုပ်နှစ်ခုရဲ့ အကြောင်း ရှာကြည့် တော့ ကံ၊ စိတ်၊ ဥတု၊အာဟာရ...မဟောဘူးလား။ ကံကြောင့်ဖြစ်တဲ့ရုပ်၊ ဥတုကြောင့်ဖြစ်တဲ့ရုပ်၊ အာဟာရ ကြောင့်ဖြစ်တဲ့ရုပ်၊ စိတ်ကြောင့်ဖြစ်တဲ့ရုပ်။ ရုပ်နှစ်ခုရဲ့ အကြောင်း ရှာကြည့်တော့ ကံ၊ စိတ်၊ ဥတု၊ အာဟာရ။ နာမက္ခန္ဓာ လေးပါး အကြောင်း ရှာကြည့်တော့ ရုပ်နှစ်ခု။ အဲလို စိစစ်ဖို့ မကောင်းလား။ အကြောင်း အကျိုး သိဖို့မလိုလား။ အကျိုး တရား သိတော့ ဒိဋ္ဌိမပြုတ်လား ။ အကြောင်းတရား သိတော့ ဝိစိကိစ္ဆာ မချုပ်လား။ အကြောင်း အကျိုး သိတော့ ဒိဋ္ဌိ၊ဝိစိကိစ္ဆာ မပြုတ်လား။ အသိနဲ့ ပြုတ်ရင် စူဠသောတာပန်။ အပွား နှင့် အပယ်နဲ့ ပြုတ်ရင် မဟာ သောတာပန် လို့ မဟောဘူးလားဟေ့။ အဲလို မြတ်စွာဘုရား က ဟောတယ်နော်။

အဲဒီ ဟောလို့ ပြီးတဲ့ အခါကျတော့ ချစ်သမီး မယ်ပဋာ၊ဟေ့ အရှုံးမ။ အဲလို ခေါ်လိုက်တာ ငါဘုရား ပေးတဲ့ ဝိဇ္ဇာဆိုတဲ့ မျက်မှန်နဲ့ တပ်ပြီးတော့ ကြည့်လိုက်စမ်း။ ဝိဇ္ဇာမျက်မှန် တပ်ကြည့်တော့ ကိုဒါသ ကို မြင်တာလား အဆင်းကိုမြင်တာလား။ သား နှစ်ယောက်ကို မြင်တာလား အဆင်းကို မြင်တာ လား ။ မိဘနှစ်ပါးကိုမြင်တာလား အဆင်းကိုမြင်တာလား။ အစ်ကိုကြီးကို မြင်တာလား အဆင်းကို မြင်တာလား ။

ကိုဒါသ ထင်လို့ ဘုရားပေးတဲ့ ဉာဏ်လက်နဲ့ ပုတ်ကြည့် တီးကြည့်။ အဲလို ပုတ်ကြည့် တီးကြည့်တဲ့ အခါ ကိုဒါသ တွေ့မလား အသံ လား ။ သားနှစ်ယောက်လား အသံလား။ မိဘနှစ်ပါးလား အသံ လား ။ အစ်ကိုကြီးလား အသံလား ။

ကဲ မယ်ပဋာ ချစ်သမီးမယ်ပဋာ ကိုဒါသ ထင်လို့ သေသေချာချာ နမ်းကြည့် တဲ့။ နမ်းကြည့်တဲ့အခါ ကိုဒါသတွေ့မလား အနံ့ တွေ့မလား။ သား နှစ်ယောက် တွေ့မလား အနံ့ တွေ့မလား။ မိဘနှစ်ပါး တွေ့မလား အနံ့တွေ့မလား။ အစ်ကိုကြီး တွေ့မလား အနံ့တွေ့လား ။

ကိုဒါသ ထင်လို့ လျှာလေးနဲ့ လျှက်ကြည့်လိုက် မခိုင်းရဘူးလား။ ငန်ပျပျ မတွေ့လား။ ကိုဒါသလား ရသာဓာတ်လား ။ သား နှစ်ယောက်လား ရသာဓာတ်လား ။ မိဘနှစ်ပါးလား ရသာဓာတ်လား ။ အစ်ကိုကြီးလား ရသာဓာတ်လား ။ ငန်ပျပျ ရသာဓာတ်ပေါ့။ ကဲ သူထင်တာတွေ တွေ့သေးရဲ့လား။ ဆံဖျားကခြေဖျား ခြေဖျားကဆံဖျား အနှလုံးပဋ္ဌိလုံ ကိုဒါသထင်လို့ ဘုရားပေးတဲ့ ဉာဏ်လက်နဲ့ ကိုင်စမ်းကြည့်။ ပူနွေးနွေး မတွေ့လား။ ကိုဒါသလား တေဇောဓာတ်လား ။ တနည်းအားဖြင့် အေးတာမတွေ့လား။ ကိုဒါသလား တေဇော ဓာတ်လား ။ ပူတာ ဥဏှတေဇော အေးတာ သီတ တေဇောပေါ့။ ကိုဒါသလား၊ တေဇောဓာတ်လား ။ သားနှစ်ယောက်လား တေဇော ဓာတ်လား။ မိဘနှစ်ပါးလား၊ တေဇောဓာတ်လား။ အစ်ကိုကြီးလား တေဇောဓာတ်လား ။ ပူတယ်အေးတယ်လို့ သိတာ သူငါလား ကာယဝိညာဏ်လား။

တစ်ဝိညာဏ်တည်း ထိလို့သိလို့ ဖြစ်ကဲ့လား ။ မဖြစ်ရင် သူနဲ့သဟဇာတဖြစ်တဲ့ ဝေဒနာ၊ သညာ၊ စေတနာ မပါလား။ ပူတယ် အေးတယ်လို့ ခံစားတာ လူလားဝေဒနာလား။ နတ်လား ဝေဒနာလား။ ပြဟ္မာလား ဝေဒနာလား။ ဟောဝေဒနာပဲ တွေ့တယ် နော်။ ပူတယ် အေးတယ်လို့ မှတ်တာ လူနတ်ပြဟ္မာလား သညာလား ။ ခံစားနိုင်အောင် စေ့ဆော်တာ။ မှတ်နိုင်အောင် စေ့ဆော်တာ သူငါလား၊ စေတနာလား ။ ဝေဒနာ၊ သညာ၊ စေတနာ သုံးခုပေါင်းတော့ နာမက္ခန္ဓာ လေးပါး မပြည့် လား။ ဤလေးပါး ပြည့်စုံမှ ထိသိစိတ်ဖြစ်တာ။ ကိုဒါသလား၊ နာမက္ခန္ဓာ လေးပါးလား ။ သား နှစ်ယောက်လား၊ နာမက္ခန္ဓာ လေးပါး လား။ မိဘနှစ်ပါးလား၊ နာမက္ခန္ဓာလေးပါးလား ။ အစ်ကိုကြီး လား၊ နာမက္ခန္ဓာ လေးပါးလား ။ ကာယအကြည်က ကိုဒါသ ဟုတ်ရဲ့လား ။ ပူမှု၊ အေးမှုက ကိုဒါသ ဟုတ်ကဲ့လား ။ ခန္ဓာဖွဲ့ကြည့်တော့ ရူပက္ခန္ဓာမရလား။ နာမက္ခန္ဓာလေးပါး နဲ့ ရူပက္ခန္ဓာ ပေါင်း။ ကိုဒါသလား၊ ခန္ဓာငါးပါးလား ။ သားနှစ်ယောက်လား၊ ခန္ဓာငါးပါးလား။ မိဘနှစ်ပါးလား၊ ခန္ဓာငါးပါး လား ။ အစ်ကိုကြီး လား၊ ခန္ဓာငါးပါး လား ။ ဩော် ခန္ဓာပဲ တွေ့ပြီနော်။ အဲလို စိစစ်ဖို့မကောင်းလား ။ မယ်ပဋ္ဌာ ရှုးတာ ခန္ဓာငါးပါး အပေါ်မှာ ရှုးတာလား၊ ကိုဒါသကို မြင်လို့ ရှုးတာလား။ တကယ့် အမြင်ခံ၊ အရှုခံ က ကိုဒါသလား၊ ခန္ဓာငါးပါးလား ။ သားနှစ်ယောက်လား၊ ခန္ဓာငါးပါးလား ။ မိဘနှစ်ပါးလား၊ ခန္ဓာငါးပါးလား ။ အစ်ကိုကြီးလား၊ ခန္ဓာငါးပါးလား။ ကဲ ခန္ဓာငါးပါးလို့တွေ့သွားပြီနော်။ ကဲ ကိုဒါသ တွေ့သေးရဲ့လား ။ သားနှစ်ယောက်ကား တွေ့သေးရဲ့လား။ မိဘနှစ်ပါးကား တွေ့သေးရဲ့လား။ အစ်ကိုကြီးကား တွေ့သေးရဲ့လား။ ဘာဖြစ်လို့မတွေ့တာလဲ။ အဲ...ဘာကြောင့်မတွေ့တာလဲ။ မရှိလို့ ။ မရှိဘူး ဆိုတာ လုံလုံ လောက်လောက် ဘယ်သူက သက်သေခံသလဲ။ ခန္ဓာငါးပါးက သက်သေ မခံလား ။ ကဲ ဒီလိုဆိုရင် မယ်ပဋ္ဌာ အရှုး မပျောက်လားဟေ့။ စဉ်းစားနော်။ အရှုး

ပျောက်သွားပြီကွဲ့ ကြားလား။ တရား အစစ်အမှန် တွေ့တော့ အရှုး ပျောက်တာ မထင်ရှားလား။ တရားအားထုတ်လို့ ရှုးတယ်ဆိုတာ တရားမမှန်လို့ ရှုးတာကွဲ့။ စဉ်းစားဖို့မကောင်းလား။ အစစ်မှန် တွေ့တော့ အရှုး ပျောက်တာ မယ်ပဋ္ဌာက သက်သေမခံဘူးလား ။

အဲဒါ မြင်တာကို သညာဖုံးတယ်။ သညာကို သင်္ကာရှင်းမှ သင်္ကာကင်းမယ် မဟောဘူးလားဟေ့။ မြင်တာက ခန္ဓာငါးပါး။ သညာက ကိုဒါသ။ သားနှစ်ယောက် မလာဘူးလား။ စိစစ်။ အဲလို စိစစ်ဖို့ မကောင်းလား။ ခန္ဓာငါးပါးလို့ သိတဲ့အချိန် ကိုဒါသ တွေ့သေးရဲ့လား ။ ကဲ မြင်တာကို သညာ ဖုံးတာနော်။ အမြင်ခံ၊ အရှုခံက လူလား၊ ခန္ဓာငါးပါး လား။ နတ်လား၊ ခန္ဓာငါးပါးလား။ ကိုဒါသ လား၊ ခန္ဓာငါးပါး လား။ သားနှစ်ယောက်လား၊ ခန္ဓာငါးပါးလား။ မိဘနှစ်ပါးလား၊ ခန္ဓာငါးပါးလား။ ကဲ သူထင်တာတွေ တွေ့သေးရဲ့လား ။ဘာဖြစ်လို့ မတွေ့တာလဲ ။ မရှိရင် ကိုဒါသလို့ စွဲဦးမလား ။ သားလို့ စွဲဦးမလား ။ မိဘလို့ စွဲဦးမလား ။ အစ်ကိုကြီးလို့ စွဲဦးမလား ။ အဲဒီလို လေ့လာဖို့ မကောင်း လား။

ဆက်ပြီးတော့ ကြိုးစား။ရုပ်တရားကြီးက ဖောက်ပြန်ပြီးတော့ မပျက်လား။ ဝေဒနာ ခံစားပြီးတော့ မပျက်လား။ သညာ မှတ်ပြီးတော့ မပျက်လား။ စေတနာ စေ့ဆော်ပြီးတော့ မပျက်လား ။ ဝိညာဏက္ခန္ဓာ သိပြီးတော့ မပျက်လား။ခန္ဓာငါးပါး ဖြစ်ပျက်လို့ မဟောလား။ ဘာသစ္စာလဲ။ ချမ်းသာတဲ့ တရားလား၊ ဆင်းရဲတဲ့ တရားလား။ ဟော နေ့စဉ်နဲ့တကွ ခန္ဓာရတဲ့ ပုဂ္ဂိုလ် ဟူသရွေ့ အိုနာသေ လွတ်ရဲ့လား ။ ဘာသစ္စာလဲ။ ကဲ ချမ်းသာတဲ့တရားနဲ့ နေတာလား၊ ဆင်းရဲတဲ့ တရားနဲ့ နေတာလား ။ဒါ ဆင်းရဲတဲ့ တရားလို့ အမှန်သိတဲ့အခါ။ သိပယ်ဆိုက်ပွား လေးပါးကိစ္စ မဂ်တခဏလို့ မဟောဘူးလား ။ အမှန်သိတော့ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ နလုံးသွင်းမှားတွေ မပျောက်လား။ အမှန်သိတော့ အမှားပျောက်တယ်နော်။ ဤနေရာ ရောက်အောင် ကြိုးစား အားထုတ်ဖို့ မကောင်းလား။

ဒါမို့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက တရားနာ ပရိသတ်က လေးသောင်းကျော်။ အဲဒီက တရားနာ ပရိသတ်တွေ သိစေချင်လို့။ ဟေ့ အရှုးမ မယ်ပဋ္ဌာ။ ဘုရားတပည့်တော်မ မရှုးပါဘူး ဘုရားတဲ့။ တရားနာ ပရိသတ်တွေက အရှုးတွေတဲ့။ မယ်ပဋ္ဌာက ပြောတာ။ ဘုန်းကြီးတော့ မပြောရဲဘူး။ ကြောက်တယ် မပြောရဲဘူး။ ဟိုက လေးသောင်းကွဲ့။ မနည်းဘူး။ ဘုန်းကြီး တော့ မပြောရဲဘူး။ စဉ်းစားဖို့မကောင်းလား။

အဲဒီလို မပြောနဲ့တဲ့ မြတ်စွာဘုရားက။ သူတို့ ဝတ်တာ၊ စားတာ ကြည့်။ ဝတ်တာ ကြည့်တာ စိန်ကတ္တီပါ၊ မြကတ္တီပါ၊ ပိုးဖဲကတ္တီပါ။ ဘြော် သူတို့မှာ ဝတ်တာ စားတာ။ နင့်မှာ ဝတ်လစ်စားလစ် ကြားလား။ တပည့်တော်မလည်း အင်္ကျီ ရပြီ၊ ထဘီရပြီတဲ့။

နင် ဘယ်အချိန်က ရသလဲ။ အထက်ကျော်ကာရီက ပဒုမုတ္တရဘုရား လက်ထက်က ဘဒ္ဒကမ္ဘာမှာ ဘုရား ငါးဆူပွင့်မယ်။ ကောဏာဂုမ်၊ ကကုသန်၊ ကဿပ၊ ဂေါတမ မြတ်စွာဘုရား သာသနာကျမှ ငါးပါးသီလတည်းဟူသော ထဘီမြဲစေ။ ငါးပါးသီလ တည်းဟူသော အင်္ကျီ မြဲစေလို့ ဗျာဒိတ် ခြွေခြင်း ကြောင့် ဘုရား တပည့်တော်မလည်း အင်္ကျီ၊ထဘီရပါပြီတဲ့ ကြားလား။ သူတို့မှာ ရှိတဲ့ စိန်ကတ္တီပါ၊ မြကတ္တီပါ၊ ပိုးဖဲကတ္တီပါက မီးလည်း လောင်နိုင်တယ်၊ ရေလည်း ဖျက်ဆီးနိုင်တယ်၊ သူခိုးလည်း ခိုးနိုင်တယ်၊ မင်းကလည်း သိမ်းနိုင်တယ်တဲ့ဗျား ။ စဉ်းစားဖို့မကောင်းလား။

တဘက်ကား ဘယ်က ရလဲလို့ မြတ်စွာဘုရား မမေးဘူးလား။ ပဒုမုတ္တရဘုရား လက်ထက်က ဂေါတမမြတ်စွာဘုရား သာသနာ ကျကာ ရှစ်ပါးသီလတည်းဟူသော တဘက် တစ်လကို လေးကြိမ် ရုံစေ၊ တင်စေလို့ ဗျာဒိတ်ခြွေခြင်းကြောင့် ရှစ်ပါးသီလ။ သီလကလည်း တစ်လကို လေးသီတင်း မဆောက်တည်ဘူးလားဟေ့။ အဲဒီတဘက်က လည်း ရုံလျက်၊ တင်လျက်ပါ။ ကြားလား။

ပန်းကား ဘယ်က ရသလဲလို့ မမေးဘူးလား။ ပဒုမုတ္တရဘုရား လက်ထက်က ဂေါတမ မြတ်စွာ ဘုရား သာသနာမှာ ပန်းသုံးခိုင် ပန်စေလို့ ဗျာဒိတ်ခြွေခြင်းကြောင့် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။ပန်းသုံးခိုင် ပန်လျက်ပါတဲ့ ကြားလား။ သူတို့မှာ ရှိတဲ့ပန်းတွေက ရေက ဖျက်ဆီးနိုင်တယ်။ မီးလည်း လောင်နိုင်တယ်။ သူခိုးလည်း ခိုးနိုင်တယ်တဲ့နော်။ အဲလို စိစစ်ဖို့ မကောင်းလားဟေ့။ ကဲ ဘယ်လောက်များ အားရစရာ ကောင်းသလဲ။ ကြားလား။ အဲဒါနဲ့ ရောင့်ရဲ တင်းတိမ်လို့ မနေနဲ့ ဆက်ပြီးတော့ ကြိုးစားလို့ မဟောဘူးလား ။ ဆက်ပြီးတော့ ကြိုးစား... သောတာပန်က သကဒါဂါမ်၊ သကဒါဂါမ်က အနာဂါမ်။ အနာဂါမ်က ရဟန်းကိစ္စ မပြီးလားဟဲ့။ ကဲ တရား အစစ်ကို တွေ့တော့ ရဟန်းကိစ္စ ပြီးသွားလေတော့တာ ဗျာ့ ကြားလား။ အဲလို စိစစ်ဖို့ မကောင်းလား။

<u>ငါးပေါက်မှားလို့ ငါးပါးမှောက်တယ်။</u>

ဒါကြောင့် စွန်းလွန်းဆရာတော်ကြီးက ငါးပေါက်မှားလို့ ငါးပါးမှောက်တယ်လို့ မဟောဘူးလား။ မျက်စိပေါက်က ကိုဒါသကို မြင်တာ။ သားနှစ်ယောက်ကို မြင်တာ။ တကယ့် အမြင်ခံက ကိုဒါသ လား၊ ခန္ဓာငါးပါးလား။ မိဘနှစ်ပါးလား၊ ခန္ဓာငါးပါးလား။ အစ်ကိုကြီး လား၊ ခန္ဓာငါးပါးလား ။ ကဲ ကိုဒါသ လို့ မြင်တာ၊ သားနှစ်ယောက်လို့မြင်တာ၊ အစ်ကိုကြီးလို့မြင်တာ၊ မိဘလို့မြင်တာ စိစစ်ဖို့

မကောင်းလားဟေ့။ အဲဒါ ငါးပေါက်မှာ မှားနေတာ။ ငါးပေါက်မှားတော့ ငါးပါးမှောက်တယ်လို့ မပြောဘူးလား။ ကျွဲ၊ နွား တိရစ္ဆာန်တွေ ပက်လက်သွားတာလား၊ မှောက်လျက်သွားတာလား။ ကျွဲ၊ နွား တိရစ္ဆာန်တွေက ပက်လက်သွားတာလား၊ မှောက်လျက်သွားတာလား။ သြော်... ငါးပါး မှောက်တာ ဟေ့။ အဲလိုစိစစ်ဖို့ မကောင်းလား။ အဲဒါကြောင့်မြင်တာကို သညာ ဖုံးတယ်။ ကြားတာ ကို သညာ ဖုံးတယ်။ နံတာကို သညာဖုံးတယ်။ စားတာကို သညာဖုံးတယ်။ ထိတာကို သညာ ဖုံးတယ်။ သညာကို သင်္ကာရှင်းမှ သင်္ကာကင်းတယ်လို့ မပြောဘူးလား။

<u>လူတကာကြိုက်တဲ့ နှင်းဆီခိုင်၊ ကြက်ပေါင်ကြော်ဥပမာ။</u>

ကဲ လျှာနဲ့ ပတ်သက်ပြီးတော့မှ လူတကာကြိုက်တဲ့ နှင်းဆီခိုင်၊ ကြက်ပေါင်ကြော် စားလိုက်ကြဦးစို့။ ကြားလား။ ကြက်သား။ ကြက်သား၊ စားကြည့်တော့ ကြက်သား စားလိုက်တာ။ကြက်သား တွေ့တာ လား ဆိမ့်တဲ့ရသာ တွေ့တာလား။ဆိမ့်တဲ့ရသာ တွေ့တယ်နော်။ အဲဒီဆိမ့်တဲ့ ရသာကို သေချာ လေ့လာကြည့် လက်နဲ့ကိုင်စမ်းကြည့်။ တွေ့ပါမလား ။မျက်စိက ကြည့်ရင်ကား မြင်ရပါ မလား ။ နမ်းကြည့်ရင်ကား တွေ့ပါမလား။ လျှာနဲ့ကြတော့ မသိနိုင်ဘူးလား ။ သိနိုင်တယ်ကွဲ့။ ကြားလား။ ကဲ သဘော အနေနဲ့ မထင်ရှားဘူးလားဟေ့။ ကိုင်လို့တွယ်လို့မရ မျက်စိနဲ့ကြည့်လို့မရ သဘောအနေနဲ့ စားကြည့်တဲ့အခါ လျှာနဲ့ကြတော့ ဆိမ့်တယ်လို့ မသိနိုင်ဘူးလား။ ဆိမ့်တယ်လို့ သိတယ်နော်။

အဲဒီ ဆိမ့်ဆိုတဲ့ ရူပက္ခန္ဓာတရား အပေါ်မှာ ကြက်ပေါင်ကြော်အနေနဲ့ စားချင်မှု နှစ်သက်မှုက လောဘတဏှာ သမုဒယ သစ္စာ။ ကြားလား။ ဆိမ့်ရသာ ရူပက္ခန္ဓာ တရား အပေါ်မှာ ကြက်သား ဝက်သား အနေနဲ့ စားချင်မှု နှစ်သက်မှုစွဲလမ်းမှုက လောဘ တဏှာ သမုဒယသစ္စာ။ သမုဒယသစ္စာ အကြောင်း ရှိတော့ အကျိုးခန္ဓာ မရလား။ ခန္ဓာရအိုနာသေ လွတ်ကဲ့လား ။ ဘာသစ္စာ လဲ။ သမုဒယ ဒုက္ခ လို့ မပြောဘူးလား ။ အဲဒါ နလုံးသွင်းမှားတာ ကွဲ့နော်။စိစစ်ဖို့မကောင်းလား။ ဆိမ့်ရသာ ရူပက္ခန္ဓာ တရား၏ ဖြစ်ခြင်း ပျက်ခြင်းက ဘာသစ္စာလဲ။ ဒုက္ခသစ္စာလို့ ပိုင်းခြားလို့ သိတာက...။ သမုဒယသစ္စာ သေတာနဲ့ နောက်ခန္ဓာ မလာတာ... ။ ကဲ စားရင်းနဲ့ သစ္စာလေးပါး တစ်စုံ ကွဲ့ ကြားလား။

အခု လူတွေက ထိုင်တာ တစ်ခုတည်း ပါလား... လုပ်တာ။ စားရင်းနဲ့ အလုပ်လုပ်ပါလားလို့။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်။ မပြောဘူးလား။ စားတာတော့ မလုပ်ကောင်းပြီ။ ကြားလား။ ဗျိုင်းလို ဟိုခွက်ကို ကြည့်လိုက်၊ ဒီခွက်ကို ကြည့်လိုက် ကြည့်နေတော့တာ စဉ်းစားဖို့မကောင်းလား။ ကဲ

စားတဲ့အခါလည်း မလုပ်ကောင်းဘူးလား။ ထိုင်တဲ့အခါ မလုပ်ကောင်းဘူးလား။ စဉ်းစား ထိထိမိမိ သဘော ပေါက်။ ခြောက်ဒွါရကွဲ့။ အဲလို လေ့လာဖို့ မကောင်းဘူးလား။

အဖြစ်တရား။

ကဲ ခြောက်ဒွါရက လွဲလို့ တရားရှာစရာ ရှိသေးရဲ့လား။ တခြားရှိသေးရဲ့လား။ရှိဘူးကွဲ့ ။ ရုပ်နှစ်ခု တိုက်မှ ပေါ်တဲ့စိတ်ကလေးကို မြင်အောင်ကြည့်။ နှစ်ခုတိုက်တော့မြင်တဲ့စိတ်မပေါ်လား။ အဲဒါ အရှိတရားလား အဖြစ်တရားလား။ အဖြစ်တရား။ အရှိတရား မဟုတ်။ အဖြစ်တရား အဖြစ်တရား။ အဖြစ်တရား သိတော့ ဘာများ အကျိုးရှိသလဲ စိစစ်ဖို့မကောင်းလား။ စိတ်ရှိတယ်လို့ မယူကြဘူးလား။ သိတဲ့စိတ်ကလေး ရှိတယ်လို့ မယူဘူးလား။ သိတဲ့စိတ်ရှိတယ်လို့ ယူကြတာနော်။ သိတဲ့စိတ်က ရှိတာ ဟုတ်ဘူး ကွဲ့။ကြားလား။ ရုပ်နှစ်ခုတိုက်မှ ပေါ်တာ။

ဟော ညာဖက်လက်ထဲမှာ အသံရှာကြည့် တွေ့ပါမလား။ ဘယ်ဖက်လက်ထဲမှာ ရှာကြည့် တွေ့ပါ မလား။ (ဖြောင်း...။) ရုပ်နှစ်ခု တိုက်။(ဖြောင်း...။)နှစ်ခုတိုက်တော့ အသံမပေါ်လား။ကဲ နှစ်ခုတိုက်မှ ပေါ်တာနော်။ ဤပမာဏကဲ့သို့ မျက်စိအကြည်နဲ့ ရူပါရုံ အဆင်း တိုက်တော့ မြင်တဲ့စိတ်လေး မပေါ် လား။ နဂိုရှိနှင့်တာ ဟုတ်ကဲ့လား ။ အဲဒါကြောင့် အဖြစ်တရား။ အဖြစ်တရား။ သိတဲ့စိတ်လေးက အဖြစ်တရား။ သို့သော် ခန္ဓာကိုယ်မှာ မပုပ်အောင်မသိုးအောင် စောင့်ရှောက်နေတာ ဘဝင်စိတ် တော့ မရှိပေဘူးလား။ အဲဒါ သိတဲ့တရား ဟုတ်ကဲ့လား။

ကဲ လူတစ်ယောက်က အိပ်ပျော်နေတဲ့လူကို ဓားနဲ့ ခုတ်သတ်မယ်လို့ လာမယ်။ ကဲ ခုတ်သတ်ရင် ဒီလူဟာသေ မသွားဘူးလား။ သိတဲ့စိတ်သာ ရှိရင် ထပြေးမှာကွဲ့။ သိတဲ့စိတ်ရှိရင် ငါ့ကို မခုတ်နဲ့... ပြောမှာပေါ့။ ထွက်ပြေးမှာ ပေါ့ ။ သိတဲ့ စိတ်ရှိရဲ့လား ။ အိပ်ပျော်တဲ့စိတ် ကြားလား။ ဘဝင်စိတ်။ သိတဲ့စိတ် ဟုတ်ကဲ့လား ။ အဲဒါကြောင့်မို့လို့ အဖြစ်။ အဖြစ်တရား သိဖို့ ။ အဖြစ် တရား သိတော့ ဘာ ကျေးဇူးရှိသလဲ။ အသက်ရှိတယ်လို့ ယူဦးမလား။ လိပ်ပြာရှိတယ်လို့ ယူဦးမလား။ လူရှိတယ်၊ နတ်ရှိ တယ်လို့ ယူဦးမလား။ ကဲ အဲလိုဆိုတော့ အဖြစ်တရားသိတော့ လူစွဲဒိဋ္ဌိ၊ နတ်စွဲဒိဋ္ဌိ၊ ပြဟ္မာစွဲ ဒိဋ္ဌိ၊ အသက်လိပ်ပြာရှိတဲ့ အယူတွေ မပျောက်လား ၊ အဲလို စိစစ်ဖို့ လိုတယ်နော်။

ကဲ...ဖြစ်ပြီးရင် မပျက်လား။အပျက်ကို သိတော့ခိုင်တယ် မြဲတယ်လို့ ယူဦးမလား။ သဿတဒိဋ္ဌိ မပြုတ်လား။ နောက်ခန္ဓာ အစားထိုးတာ သိတော့ ဘဝပြတ်တယ်လို့ ယူဦးမလား။ အစားထိုးတာ သိတော့ ဘဝပြတ်တယ်လို့ ယူတဲ့ ဥစ္ဆေဒဒိဋ္ဌိအယူ မပြုတ်လား။ ခန္ဓာငါးပါး ခန္ဓာငါးပါး... သက္ကာယဒိဋ္ဌိ မပြုတ်လားဟေ့။ သဿတ၊ ဥစ္ဆေဒ၊ သက္ကာယ ပြုတ်ပြီ ကြားလား။ ဤနေရာ ရောက်အောင် ကြိုးစား အားထုတ်ကြ ကြားလား။ ကြားဖူးမှ နားဝ။ နားဝမှ တရားရတယ်ကွဲ့။

မြတ်စွာဘုရား ဟောတာ။ ဟောတာ လူတွေက မစဉ်းစား။ နဒီသောတော ဝိယ။ မြစ်ရေများ စီးသလို၊ မြစ်ရေများ ရပ်တယ်လို့ ရှိသေးရဲ့လား ။ တသွင်သွင်စီးတာနော်။ အခုလည်း ဖြစ်ပျက်၊ ဖြစ်ပျက်၊ ဖြစ်ပျက်။ တဖြုတ်ဖြုတ် တသုတ်သုတ် ဖြစ်ပျက် နေတာ။ ဒါမို့ လယ်တီ ဆရာတော်ဘုရားကြီးက ပရမတ်ကို နေ့စဉ်မြင်လျက် မတွေ့ကြ။ နေ့စဉ်မြင်လျက် မတွေ့တဲ့။ နေ့စဉ် တွေ့လျက် မသိကြတဲ့ ကြားလား။ အခု မိမိက လဲသွားတယ်။ ဒူးနာတယ်။ နာတာကွာ နာလိုက်တာ။ ကဲ သူတွေ ငါတွေလား ဝေဒနာလား။ အဲဒါ ဒုက္ခဝေဒနာ။ ဒုက္ခဝေဒနာ ကိုယ်မှာ ပေါ်သည်လို့ ဟော မဟော။ ဒုက္ခသစ္စာလား၊ ဒုက္ခဝေဒနာလား ။ ဒုက္ခသစ္စာ မဟုတ်ဘူး။ ဒုက္ခဝေဒနာ။

ကဲ တေဇောဘမ်း လိမ်းလိုက်။ နင်းလိုက်၊ နှိပ်လိုက်၊ ပြုလိုက်။ အကြောလေး ပြေသွားတော့ နာရီဝက်လောက်ကြာတော့ သက်သာ မသွားဘူးလား ။ သုခဝေဒနာ ကိုယ်မှာပေါ်သည်… မဟောဘူးလား။ အဲဒါ အမြဲတမ်းဖြစ်တာလား ဆယ်ခါ တစ်ခါလား။ အဲဒီလိုသာ နာလို့သာ မိမိက သစ္စာသိလို့သာ သောတာပန် တည်မယ်ဆိုရင် ဆေးရုံက လူတွေဟာ အကုန်လုံး တည်စရာကောင်းတယ်။ ဆေးရုံက သူနာတွေ။ ကြားရဲ့လားဟေ့။ အဲလိုလေ့လာဖို့ မကောင်းလား။ ဖြစ်ပျက်၊ ဖြစ်ပျက် ဘာသစ္စာလဲ။ ကဲ ချမ်းသာတာ ပါရဲ့လား ။ အခုဟိုက ဆေးလိမ်းတော့ ပျောက်သွား ပါတကား ကွဲ့။ ဟင်။ကဲ ဟိုက ပြင်လို့ ပြုလို့ ရရဲ့လား ။ ဆင်းရဲတာ မှန်မနေဘူးလား ။ အဲဒါကို သိဖို့လိုတာဗျ။ အဲဒါသိဖို့လိုတာ။ သိမှပယ်နိုင်တာ။ ဤနေရာ ရောက်အောင် ကြိုးစား အားထုတ်ကြ။ နာရီက စေ့သွားပြီကွဲ့ ကြားလားနော်။

ကဲ ထိဆဲခန္ဓာက ဖြစ်ပျက်…ဘာသစ္စာလဲ(ဒုက္ခသစ္စာ ပါဘုရား)။ သိတာက…(မဂ္ဂသစ္စာ ပါဘုရား)။ သေတာက… (သမုဒယသစ္စာ ပါဘုရား)။ နောက်ခန္ဓာ မလာတာက…(နိရောဓသစ္စာပါဘုရား)။ ပဋိစ္စသမုပ္ပါဒ် အကွက်…ဘယ်နှစ်ကွက်ရှိ (လေးကွက်ပါ ဘုရား)။ တစ်ကွက်လျှင်…ဘယ်နှစ်ပါး (ငါးပါးပါဘုရား)။ ငါးလေးလီ…(နှစ်ဆယ်)။ ဤရှစ်သွယ်ကို… (အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာမှလွတ်ကြောင်း တည်း)။

(ဣမာယ အမျှဝေ)။

သာဓု သာဓု သာဓု။

28.5.2005,(7:00pm)18